# အိုမဟာ ဒုက္ခသည်များအိမ်ရာစီမံကိန်း လေ့လာမှုမှ ရရှိသည့်အဓိက အချက်အလက်များ

## နီဘရာစကာပြည်နယ်သည် အဆင့် ၁

နီဘရာစကာပြည်နယ်သည် အခြားပြည်နယ်များထက် ဒုက္ခသည်ဦးရေများပြီးလက်ခံနေရာချထားပေးသော ပြည်နယ်တစ်ခုဖြစ်သည်။

## ကျွန်ုပ်တို့၏ အိမ်နီးချင်းအသစ်

နီဘရာစကာပြည်နယ်သည် ၂၀၂၄ ခုနှစ်တွင် ဒုက္ခသည် ခန့်မှန်းခြေဦးရေ ၁၈၅၀ ဦး လက်ခံထားပြီး ၂၀၂၅ ခုနှစ် တွင် ၁၉၇၅ ဦးလက်ခံရန်ရှိကြောင်းခန့်မှန်းထားပါသည်။

## စီးပွားရေး တိုးတက်မှု

အိုမဟာသို့ရောက်ရှိလာသည့် ဒုက္ခသည်တစ်ဦးချင်းစီသည် အသုံးစရိတ်ဒေါ်လာ ၃၄၀၀၀ ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော လမ်းကြောင်းဖြင့် ဖန်တီးပေးနေသည်။

## လုပ်သားအင်အား ပံ့ပိုးမှုအကြပ်အတည်း

နီဘရာစကာပြည်နယ်တွင် လုပ်သားဖြည့်စွက်ရမည့် အလုပ် ၅၄၀၀၀ နေရာရှိနေပြီး လုပ်ငန်းလစ်လပ်နေရာ ၁၀၀ တိုင်းအတွက်လုပ်သား ၃၆ ဦးသာ ရှိပါသည်။ ဒုက္ခသည်များသည် လုပ်သားရှားပါးမှုဖြစ်ပေါ်နေသော စက်ရုံအလုပ်ရုံများ၌ အလွန်အရေးပါသောရာထူးများတွင် ဖြည့်ဆည်းပေးနေပါသည်။

## အသက်အရွယ်ငယ်သော မိသားစုများ

လက်ရှိအခြေချနေထိုင်သော ဒုက္ခသည်ဦးရေ၏ ၇၄ ရာခိုင်နှုန်းသည် အသက် ၃၅ နှစ်အောက်များဖြစ်ပြီး ယင်းတို့အနက် ၄၄ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်အောက်များဖြစ်သည်။

## ထောက်ပံ့ကူညီမှု အကန့်အသတ်

မျှော်လင့်ထားသည့်အတိုင်း ကိုယ်ပိုင်ရပ်တည်မှု အပြည့်အဝမရှိသေးသော်လည်း ဒုက္ခသည်များသည် ရက် ၉၀ မျှသာ ထောက်ပံ့ကူညီမှု ရရှိကြပါသည်။

## ကမ္ဘာတစ်ဝှမ်း၌ လက်ရှိဖြစ်နေသည့်အခြေအနေ


ကမ္ဘာတစ်ဝှမ်း၌ ပြည်တွင်းစစ်၊ လူမျိုးတုံးသတ်ဖြတ်မှုနှင့် နိုင်ငံရေးအကြပ်အတည်းများကြောင့် မိမိနေအိမ်မှစွန့်ခွာ ထွက်ပြေးနေရသည့် ဒုက္ခသည်ဦးရေ ၃၆ သန်းရှိနေပါသည်။ ၎င်းတို့အနက် ၁ ရာခိုင်နှုန်းသာ အခြားနိုင်ငံများသို့ နှစ်စဉ်နှစ်တိုင်း အခြေချနေထိုင်ခွင့် ရကြသည်။

## တစ်ကမ္ဘာလုံး အခြေအနေ

အမေရိကနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် မြန်မာပြည်မှ ရိုဟင်ဂျာ ဒုက္ခသည်များ၊ အာဖရိကတိုက် (ခွန်ဂို၊ စူဒန်၊ စူဒန်တောင်ပိုင်းနှင့် အီရစ်ထရီယား) နိုင်ငံများမှ ဒုက္ခသည်များ၊ အာဖကန်နစ္စတန် နှင့် ယူကရိန်းနိုင်ငံများမှ လာသည့် ဒုက္ခသည်များကို အများဆုံးလက်ခံထားပါသည်။

**၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် နီဘရာစကာပြည်နယ် အိုမဟာမြို့၌နေထိုင်သည့် ဒုက္ခသည်များအပေါ် သက်ရောက်မှုရှိသော အိမ်ရာပြဿနာများနှင့်ဆိုင်သည့် လေ့လာမှုတစ်ခုကို ပြုလုပ်ရန်အတွက် Restoring Dignity (ဂုဏ်သိက္ခာ ပြန်လည်ထိန်းသိမ်းရေးအဖွဲ့) မှ Wilder Research သုတေသန ပြုလုပ်မည့်အဖွဲ့တစ်ဖွဲ့ကို ငှားရမ်း ခဲ့ပါသည်။ ဤလေ့လာမှုမှတွေ့ရှိသည့် အဓိကအချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။**

## ဇစ်ကုတ်နှင့်မက်ထရိုလမ်းကြောင်းအတိုင်း ဝန်ဆောင်မှုများကိုအသုံးပြုနေသည့် အိမ်ထောင်စုအားလုံး စုစုပေါင်း




**ဒုက္ခသည်များအား အကျိုးအမြတ်မယူဘဲဝန်ဆောင်မှုပေးနေသည့် ဒေသခံအဖွဲ့အစည်း ၁၁ ဖွဲ့တည်ရှိသည့် ဇစ်ကုတ်အားလုံးပေါင်းမှ ရရှိသောစာရင်းအရ ၂၀၂၀ မှ ၂၀၂၄ ခုနှစ်အတွင်း အိမ်ထောင်စုအားလုံးပေါင်း ၅၁၄၄ စု ကိုဝန်ဆောင်မှုပေးခဲ့ပါသည်။**

RESTORING DIGNITY

WORLD SPEAKS

Wilder Research
Information. Insight. Impact.

front porch INVESTMENTS

# အိမ်ရာစီမံကိန်းနှင့်ဆိုင်သည့် အတားအဆီးများ နှင့် ဖြေရှင်းနည်းများ

## (တတ်နိုင်၊ ပေးနိုင်ပြီး သင့်လျော်မှုရှိသည့်အိမ်ရာအစီအစဥ်)

ပူးတွဲလက်မှတ်ရေးထိုးပေးရမည့်သူနှင့် ပုဂ္ဂိုလ်ရေးနောက်ကြောင်းရာဇဝင်စစ်ဆေးမှု မလိုအပ်ဘဲ

- **အတားအဆီး** လေဆိပ်မှရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် မိသားစုများသည် မိမိတို့ရွေးချယ်စရာမလို ဘဲ အသင့်ငှားပေးထားသောအိမ် သို့မဟုတ် တိုက်ခန်း (အကယ်၍ အိမ်ငှားမရပါက ဟိုတယ်) ဆီသို့ ခေါ်ဆောင်သွားခြင်းခံရပါသည်။ အိမ်ရှင်များ၏သမာရိုးကျ လုပ်ရိုးလုပ်စဥ်အတိုင်း အသစ်ရောက်ရှိလာ သည့် ဒုက္ခသည်များသည် အိမ်ငှားဖူးသည့် နောက်ကြောင်းရာဇဝင်မရှိခြင်း၊ ဆိုရှယ်နံပါတ်နှင့် ဝင်ငွေ မရှိခြင်းကြောင့် အိမ်ငှားမည့်လျှောက်လွှာတင်သည့်အခါ အိမ်ရှင်များမှအိမ်ငှားခွင့်ကို ငြင်းပယ်တတ်လေ့ ရှိသည်။ အထူးသဖြင့် စံချိန်စံနှုန်းပြည့်မီသော အိမ်ရာများတွင် ဖြစ်လေ့ဖြစ်ထရှိသည်။
- **ဖြေရှင်းနည်း** ပြန်လည်ထူထောင်ရပ်တည်နိုင်မည့် ထောက်ပံ့ငွေနှင့် ဆုံးရှုံးမှုအန္တရာယ်မှလျော့ပေါ့ ပေးနိုင် မည့်ရန်ပုံငွေများ ထားရှိပေးခြင်းဖြင့်အိမ်ရှင်များအတွက် ငွေရေးကြေးရေးအရ အကာအကွယ်ပေးနိုင် မည်။ သို့မှသာ အိမ်ရှင်များက အသစ်ရောက်ရှိလာသည့် ဒုက္ခသည်များကို အိမ်ငှားပေးနိုင်မည့် အခွင့် အလမ်း ပိုများလာနိုင်ပြီး အိမ်ရာငှားရမ်းသည့်လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်မည်။
- **ဖြေရှင်းနည်း** အိမ်ရှင်များအတွက် အသိပညာပေးနိုင်မည့်အရင်းအမြစ်များနှင့် သင်တန်းများ ဖန်တီးပေး ခြင်းဖြင့် အိမ်ရှင်များအနေနှင့် ဒုက္ခသည်များ၏ပြန်လည်နေရာချထားရေးအစီအစဥ်နှင့် ဒုက္ခသည်များ အားအိမ်ငှားပေးနိုင်မည့် အချက်အလက်များကို ပိုမိုသိရှိနားလည်နိုင်မည်။ အိမ်ရှင်များနှင့်ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် အိမ်ရာလုပ်ငန်းအေဂျင်စီများ၏စိုးရိမ်ပူပန်မှုများကို သိရှိနားလည် စေရန် အိမ်ရှင်များအား Omaha Refugee Task Force Housing Subcommittee (ဒုက္ခသည်များ ဆိုင်ရာအိမ်ရာအလုပ်အမှုဆောင် ဆပ်ကော်မတီ) ၏အစည်းအဝေးသို့ တက်ရောက်ရန်စည်းရုံး ဖိတ်ခေါ်ဆွေးနွေးပါ။

## အိမ်ရာ ရွေးချယ်မှုများ

အထူးသဖြင့် မိသားစုဝင်များသောအိမ်ထောင်စုများ နှင့် မူစလင်မိသားစုများ

- **အတားအဆီး** (မိသားစုဝင်ပေါင်း ၇ ဦး သို့မဟုတ် ယင်းအထက်ရှိသည်) ဒုက္ခသည်မိသားစုများသည် မိမိ တို့၏ မိသားစုနှင့်သင့်တော်သည့်အိမ်ရာများကို ရှာတွေ့ရန်အလွန်ခက်ခဲပါသည်။
- **အတားအဆီး** မူစလင်မိသားစုအများစုသည် အိမ်ဝယ်လိုသော ဆန္ဒရှိသော်လည်း အစ္စလမ်မစ်ဥပဒေ ကြောင့် အတိုးနှုန်းရှိသောချေးငွေများကို ချေးခွင့်မရကြပါ။
- **ဖြေရှင်းနည်း** အဖွဲ့ဝင်များသောမိသားစုများနှင့်သင့်လျော်မည့် (အခန်း ၄ ခန်းမှ ၆ ခန်းအထိ) ပါရှိသည့် အိမ် နှင့် တိုက်ခန်းကြီးကြီးတည်ဆောက်ပေးပါ။
- **ဖြေရှင်းနည်း** ပိုမိုကြီးမားသည့်အိမ်၊ တိုက်ခန်းများ တည်ဆောက်နိုင်ရန် မြို့၊ ခရိုင်၊ ပြည်နယ်များနှင့် အလုပ်တွဲလုပ်နေသော အိမ်ရာများဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဝန်ထမ်းတစ်ဦးခန့်ပါ။
- **ဖြေရှင်းနည်း** မူစလင်မိသားစုများ အိမ်ဝယ်ခွင့်ရရန် ဘဏ်က နေပြီး အတိုးနှုန်းနှင့်ပူးတွဲပါရှိသည့် (ဟာလာချေးငွေ) စနစ်ကို ဖန်တီးပေးပါ။

## ပထမဦးဆုံးအိမ် ရွေးချယ်ခြင်း

- **အတားအဆီး** ပြန်လည်နေရာချထားရေးမှု၏ သဘောသဘာဝအရ အသစ်ရောက်ရှိလာသည့် ဒုက္ခသည် မိသားစုများသည် မိမိတို့ နေထိုင်မည့် ပထမဦးဆုံးအိမ်ကို တစ်စုံတစ်ဦးကရွေးချယ်ထားပြီးသာဖြစ် သည်။ ယင်းနောက် မိမိတို့နေထိုင်မည့် အိမ်အနေအထားကို အရင်မြင်ခွင့်မရှိဘဲ (ကိုယ့်စိတ် အလိုဆန္ဒ အတိုင်း ရွေးချယ်မှုမရှိသည့်) အိမ်စာချုပ်ကိုချုပ်ဆိုရပါသည်။ နောက်ဆက်တွဲရလဒ်မှာ မိသားစု အများအပြားသည် အဆင့်အတန်းနိမ့်ပြီး လုံခြုံမှုကင်းမဲ့နေသည့် အိမ်ပတ်ဝန်းကျင်၌ ရုံးထွက်မရနိုင်ဘဲ ပိတ်မိနေသည့်အခြေအနေနှင့် ရင်ဆိုင်နေကြရသည်။
- **ဖြေရှင်းနည်း** ဒုက္ခသည်များအတွက် ယာယီ(၆-လခန့်) ပံ့ပိုးပေးနိုင်မည့်ခေတ္တအိမ်ရာ သို့မဟုတ် ကြိုဆို ရေးစင်တာ သို့မဟုတ် ဒုက္ခသည်များအတွက် အထောက်အပံ့ဖြစ်စေမည့်စင်တာများ တည်ဆောက်ပေး ပါ။ အင်္ဂလိပ်စာသင်တန်းအပါအဝင်အခြားလိုအပ်သည့်လူမှုဝန်ဆောင်မှုများကို မိသားစုများ၏ပတ်ဝန်း ကျင်အနီးအနားတဝိုက်၌ထားပေးပါ။ ယင်းနောက် မိသားစုများသည် အိမ်ရာများဆိုင်ရာ အကျိုးဆောင် ဝန်ထမ်းနှင့်လက်တွဲပြီး မိမိနေထိုင်လိုသောအိမ်နေရာကို ရှာဖွေပြောင်းရွှေ့ နေထိုင်နိုင်ရမည်။
- **ဖြေရှင်းနည်း** ပြန်လည်နေရာချထားရေးအစီအစဥ်နှင့်သက်ဆိုင်သော အိမ်ရာဝန်ဆောင်မှုများကို တစ် နေရာတည်း၌ လုပ်ဆောင်နိုင်ရန် ဗဟိုချုပ်ကိုင်မှုရှိသည့် Welcome Co-op စနစ်ကို ဖော်ဆောင်ပေးပါ။

## အိမ်ရာပိုင်ဆိုင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အသိပညာပေးခြင်း

- **အတားအဆီး** ဒုက္ခသည်အများစုသည် လျှပ်စစ်မီး၊ အပူပေးစက်၊ ရေပိုက်ဆက်သွယ်မှုစနစ် သို့မဟုတ် ရေခဲသေတ္တာမရှိသော ဒုက္ခသည်စခန်းများမှ ရောက်ရှိလာသူများဖြစ်သည်။ ထို့ကြောင့် ဤစနစ်အသစ် များကို အမေရိကသို့ရောက်ရှိလာသည်နှင့်တပြိုင်နက် ဧကန်မုချလေ့လာသင်ယူရပါသည်။
- **ဖြေရှင်းနည်း** မိသားစုများအား မိမိသိရှိထားရမည့် အိမ်ငှားများ၏အခွင့်အရေးအပါအဝင် မည်ကဲ့သို့ အခြေချနေထိုင်သင့်ကြောင်း ပညာပေးသည့်အစီအစဥ်များကို တိုးချဲ့လုပ်ဆောင်ပေးပါ။
- **ဖြေရှင်းနည်း** မိသားစုများအား အိမ်ဝယ်ရာ၌သိထားသင့်သည့်လုပ်ငန်းစဥ်များနှင့် အိမ်ချေးငွေရယူနိုင် ရေးအတွက် မည့်ကဲ့သို့အကြွေးမှတ်တမ်းတည်ဆောက်သင့်ကြောင်း လိုအပ်သည့်အသိပညာပေး အစီအစဥ်များကို ဖန်တီးပေးပါ။
- **ဖြေရှင်းနည်း** ဒုက္ခသည့်ဦးရေများစွာ နေထိုင်သည့်တိုက်ခန်းများတွင် အိမ်ရှင်နှင့်အိမ်ငှားအကြား ဆက်ဆံရေးအရာရှိ သဖွယ် ကြားဝင်ဖြန်ဖြေပေးမည့်သူ ယင်းတိုက်ခန်းအိမ်ရာတွင်နေထိုင်သူဖြစ်ပြီး ယဥ်ကျေးမှုရိုးရာဓလေ့ကိုသိကျွမ်းသည့်ပုဂ္ဂိုလ် တစ်ဦးဦးကို အလုပ်ခန့်ပါ။

## ဆက်လက် ထောက်ပံ့မှု

- **အတားအဆီး** ဒုက္ခသည်မိသားစုများ အမေရိကနိုင်ငံ၌ သင့်တော်သည့်အသားကျနေထိုင်မှု ရရှိရန် ရက် ၉၀ မျှသာ ထောက်ပံ့မှုပေးခြင်းသည် လုံလောက်သောပံ့ပိုးမှုမဟုတ်ပါ။ ဒုက္ခသည်ထောက်ပံ့မှုများ ဆုံးရှုံးသွားသည့်အခါ မိသားစုများသည်ချောက်ကမ်းပါးအမြင့်မှလိမ့်ကျသွားသည့်အလာ ခံစားကြရသည်။
- **ဖြေရှင်းနည်း** နေရာပြန်လည်ချထားရေးအေဂျင်စီများသို့ ပို၍ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးပါ။ သို့မှသာ မိသားစုများအား တစ်နှစ်တိတိအထိ ထောက်ပံ့ကူညီမှုပေးနိုင်မည်။

## လူမှုအသိုင်းအဝိုင်း ပူးပေါင်းပါဝင်မှု

- **အတားအဆီး** ထောက်ပံ့သူ (စပွန်ဆာ)မရှိသော အသစ်ရောက်ရှိလာသည့် မိသားစုများသည် (စပွန်ဆာ) ရှိသောမိသားစုများထက် အသားတကျနေထိုင်မှုမရနိုင်ပါ။
- **ဖြေရှင်းနည်း** လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များမှ အသစ်ရောက်ရှိလာသည့် ဒုက္ခသည်မိသားစုများကို ထောက်ပံ့မှု (စပွန်ဆာ)ပေးနိုင်သည်။ မိသားစုများအတွက် တိုက်ခန်းအိမ်ရာများပြင်ဆင်ပေးထားခြင်း၊ လေဆိပ်မှတွေ့ဆုံကြိုဆိုပေးခြင်း၊ ၆-လမှ ၉-လအထိ လမ်းညွှန်အကူအညီပေးခြင်း အစရှိသည့် ထောက်ပံ့မှုများ လုပ်ဆောင်နိုင်သည်။ ထောက်ပံ့မှုများနှင့်သက်ဆိုင်သည့် အချက်အလက်များ ပိုမိုသိရှိ လိုပါက Refugee Empowerment Center (ဒုက္ခသည်များစွမ်းရည်မြှင့်တင်ရေးစင်တာ) သို့မဟုတ် Lutheran Family Services (လူသာလန် မိသားစုအကျိုးဆောင် အသင်း) သို့ဆက်သွယ်ပါ။

## ပြည်သူ့သယ်ယူပို့ဆောင်ရေး

- **အတားအဆီး** ပထမဦးဆုံးအခြေချနေထိုင်သည့်နှစ်၌ ဒုက္ခသည်အများအပြားသည် ကိုယ်ပိုင်ကား မဝယ်စီးနိုင်ပါ။ ထို့ကြောင့် အများပြည်သူအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို မှီခိုကြရသည်။
- **အတားအဆီး** အိုမဟာ၏ ပြည်သူ့သယ်ယူပို့ဆောင်ရေးစနစ်သည် မိသားစုများအတွက် လုံခြုံမှုရှိ ကြောင်း ယူဆရသည့် အိမ်နီးချင်းပတ်ဝန်းကျင်နှင့် အလှမ်းဝေးလျက်ရှိသည်။ မိမိတို့နေထိုင်လိုသော အိမ်နီးချင်း ပတ်ဝန်းကျင်၌ ဘတ်(စ်)ကား မရနိုင်သည့်ပြဿနာကြောင့် ယင်းတို့သည် လုံခြုံမှုကင်းမဲ့ နေသည့် အိမ်နီးချင်းပတ်ဝန်းကျင်၌ ပိတ်မိနေကြောင်း ခံစားကြရသည်။ ထို့အပြင် မိသားစုများသည် ဘတ်(စ်) ကားစီးရန် ၁-နာရီမှ ၂-နာရီအထိ အချိန်ကြာမြင့်စွာစောင့်ဆိုင်းကြရသည်။
- **ဖြေရှင်းနည်း** ဘတ်(စ်)ကားစောင့်ဆိုင်းရမည့်ကြာမြင့်ချိန်လျော့ပေးပြီး အိုမဟာမြို့အနှံ့သွားလာနိုင်သော အထူးသဖြင့် ကျောင်းနှင့်ဈေးဆိုင်များရှိသည့်နေရာများ၌ ဘတ်(စ်)ကားလိုင်းများကို တိုးချဲ့ပေးပါ။

အစီရင်ခံစာအပြည့်အစုံကို ဤနေရာ၌ဖတ်ရှုနိုင်ပါသည်

RESTORING DIGNITY

WORLD SPEAKS

Wilder Research
Information. Insight. Impact.

front porch
INVESTMENTS